# သရက်တောကျေးရွာ

# သထုံမြို့နယ်

## ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၄ - ၂၀၂၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

သရက်တောကျေးရွာ၊ သထုံမြို့နယ်

(သထုံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

# ၂၀၂၄ခုနှစ်၊ စက်တင်ဘာလ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **သရက်တောကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ သထုံမြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၈ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၈ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၉ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၀ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၁ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့်  အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၂ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၄ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၅ |
| | **နောက်ဆက်တွဲ (၃)** ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၃ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၅၉ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၁ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၃ |

## စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၄/၂၅ ဘဏ္ဍာရေးနှစ်မှ ၂၀၂၈/၂၀၂၉ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများစုပေါင်း ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော သမဝါယနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေး သည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာနအသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**စက်တင်ဘာလ၊၂၀၂၄**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ**

**သရက်တောကျေးရွာ**

**သထုံမြို့နယ်**

## သရက်တောကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



## သရက်တောကျေးရွာ ရာသီခွင်ပြက္ခဒိန်၊ သထုံမြို့နယ်



**သရက်တောကျေးရွာ Venn Diragram(ကျေးရွာတွင်း/ရွာပြင် ဆက်သွယ်ဆောင်ရွက်နေသောအဖွဲ့အစည်းများ) ၊ သထုံမြို့နယ်**



**သရက်တောကျေးရွာ ဥစ္စာနေအဆင့်သတ်မှတ်ခြင်း ၊ သထုံမြို့နယ်**



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

သရက်တောကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ တောင်ဘက်တွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် တောင်တန်းနှင့်အောင်းစိုင်ကျေးရွာရှိပြီး အနောက်ဘက်တွင် လယ်ကွင်းပြင်နှင့် အုပ်ဖို ချောင်ကျေးရွာရှိပြီး တောင်ဘက်တွင် ဒေးဗရိန်းကျေးရွာနှင့် မြောက်ဘက်တွင်တောင်စွန်းကျေးရွာတို့ တည်ရှိပါသည်။ရန်ကုန်၊မော်လမြိုင်ကားလမ်းမကြီးသည် ကျေးရွာ၏တောင်နှင့်မြောက်သို့ဖြတ်သန်းပြီး ရွာ၏မြောက်ဘက်တွင်ဓမ္မသုခကျောင်း၊ ရွာလယ်တွင် ရွာသစ်ကျောင်းနှင့် တောင်ဘက်တွင် ဒညင်းကုန်းကျောင်းများ တည်ရှိပါသည်။ စာသင်ကျောင်းများသည် ကျေးရွာအလယ်တွင် (အ.မ.က)မူလွန်၊ တောင်ဘက်တွင်(အ.မ.က)ကျောင်းရှိပါသည်။ ကျေးရွာတွင် ဗမာ နှင့် ကရင်တိုင်ရင်းသားများသည်စည်းလုံးညီညွတ်စွာ နေထိုင်ကြပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

**သရက်တောကျေးရွာ၏ ရာသီဥတုမှာ သမပိုင်းရာသီဥ တုဖြစ်ပြီး အပူအအေးမျှတမှုရှိပါသည်။ စိုက်ပျိုးနိုင်သော လယ်မြေဧကမှာ (၃၆၀၀)ဧကခန့်ရှိပါသည်။ မြေဆီလွှာအရည် အသွေးမှာ အသင့်အတင့်သာကောင်းမွန်ပြီး ဥ ယျာဉ်ခြံမြေ၊ မြေလွတ်၊ မြေလတ်နှင့် စားကျက်မြေများ မရှိသဖြင့် လယ်မြေတွင်သာ မိုးစပါးကို အဓိကထားစိုက်ပျိုးကြရပါသည်။**

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

သရက်တောကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် ရပ်မိ/ဖ (၃၂) ဦးဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ သာရေး/နာရေး စသည့် လူမှုရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာဖြင့် တက်ညီလက်ညီ လုပ်ဆောင်နေကြပါသည်။ ကာလသားသမီးအဖွဲ့တွင် (ကျား ၂၀ဦး၊ မ - ၂၀ဦး )ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာ၏ သာရေး/နာရေး ၊ လူမှုရေး လုပ်ငန်းများတွင် စုပေါင်းလုပ်ဆောင်ကြပါသည်။အိုးသူကြီးအဖွဲ့သည် (ကျား-၁၀ဦး)ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာရှိ ဘာသာရေး၊ လူမှုဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွင် (ကျား-၁၅ဦး) ဖြင့်ဖွဲ့စည်းထားပြီး ကျေးရွာရှိ မူလတန်းကျောင်း နှင့် မူလွန်ကျောင်းရှိ ဆရာ/မ များနှင့်ပူပေါင်း၍ ကလေးများ၏ ပညာရေး၊ ကျန်းမာရေး ကဏ္ဍ တိုးတက် လာရန် စုပေါင်းဆောင်ရွက် လျှက်ရှိပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

သရက်တောကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူဦးရေမှာ (၃၇)ဦးသာရှိပြီး လယ်ဧက (၄၀၀)ခန့်သာစိုက်ပျိုးလုပ်ကိုင်လျှက်ရှိပါသည်။ မိုးစပါးတစ်မျိုးသာ အဓိကထား စိုက်ပျိုး ရသည်။ အခြားသီးနှံများစိုက်ပျိုး၍မရသောမြေမျိုးဖြစ်ပါသည်။

## (ခ) မွေးမြူရေးလုပ်ငန်း

သရက်တောကျေးရွာရှိ ပြည်သူများသည် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သူမရှိဘဲ တစ်ပိုင်တစ်နိုင်ဖြင့်သာ နွားများ၊ ဝက်များ နှင့်ကြက်များ၊ ဘဲများ အနည်းငယ်မွေးမြူးကြပါသည်။ ကျေးရွာအနီးတွင် ရေချိုချောင်းများ၊ အင်းအိုင်များမရှိသောကြောင့် ငါး၊ပုစွန်နှင့် အခြားရေနေသတ္တဝါများမွေးမြူခြင်းမရှိပါ။ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်းနှင့် အရင်းအနှီးငွေနည်းပါးခြင်းတို့ကြောင့် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းမလုပ်ကိုင်သည့် အိမ်ထောင်စုများသည် ဈေးရောင်းခြင်း၊ ဆောက်လုပ်ရေး ၊ပို့ဆောင်ရေး နှင့် ကြုံရာ၊ ကျပန်း လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးနှင့် မွေးမြူရေးကို တစ်နိုင်တစ်ပိုင် လုပ်ကိုင် ကြပြီး အသက်မွေးမှုနည်းပညာအားနည်းခြင်း၊ တတ်မြောက်မှုမရှိခြင်း၊ ငွေကြေးရင်းနှီး မြှုပ်နှံမှုအားနည်းခြင်း၊ အလုပ် အကိုင်အခွင့်အလမ်း နည်းပါးခြင်း တို့ကြောင့် တစ်ခြားဒေသများသို့ ပြောင်းရွှေ့လုပ်ကိုင်ရသောအိမ်ထောင်စုများလည်း ရှိပါသည်။ ထို့အပြင် သရက်တောကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်သော အခြား စီးပွာရေးလုပ်ငန်း လုပ်ကိုင်သော အိမ်ထောင်စုများသည် အသက်မွေးဝမ်းကျောင်း နှင့်အသေးစား အလတ်စား ဖွံ့ဖြိုးတိုးတက် မှုဆိုင်ရာ ဝန်ဆောင်မှုမရှိခြင်း၊ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ပညာများ တတ်မြောက်မှုမရှိခြင်း၊ ရင်းနှီးမြှုပ်နှံရန် ငွေကြေးမတတ်နိုင်ခြင်းကြောင့် အလုပ်အကိုင်အခွင့်အလမ်းများနည်းပါးပါသည်။ ထို့ကြောင့် နေ့စား ကျပန်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းနည်းပညာဖြစ်သည့် (စက်ချုပ်သင်တန်း၊ ကားနှင့်ဆိုင်ကယ်ပြင် သင်တန်း၊ ဓာတ်မြေဩဇာထုတ်လုပ်မှုသင်တန်း၊ဆပ်ပြာရည်သင်တန်း) စသည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကိုဖွင့်လှစ် သင်ကြားစေခြင်းအားဖြင့်

တစ်ဖက်တစ်လှမ်းမှ ဝင်ငွေများရရှိလာပြီး မိသားစုစားဝတ်နေရေး အဆင်ပြေ ချောင်လည်လာမည်ဖြစ်ပါသည်။

### (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားအသက်မွေးဝမ်းကျောင်း လုပ်ကိုင်နေသူများနှင့် ကျပန်းလုပ်သားများသည် ငွေချေးပေးသူထံတွင် အပေါင်ခံပစ္စည်းများဖြင့် ပေါင်နှံခြင်း၊ မိတ်ဆွေနှင့်ဆွေမျိုးများထံမှ အတိုးနှုန်းအသင့်တင့်ဖြင့် ချေးငွေအနည်းငယ်သာရရှိပါသည်။ တချို့အိမ်ထောင်စုများသည် အတိုးနှုန်းသက်သာ၍ ကာလရှည်ချေးငွေဖြစ်သော မြို့နယ်ကျေးလက်ဦးစီးဌာနမှ ဆောင်ရွက်သော ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းမှ ချေးငွေရရှိပြီး အများစုသည် တစ်နိုင်တစ်ပိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းပါးပြီး ငွေလုံလောက်မှု မရှိခြင်းနှင့် နည်းပညာတတ်မြောက်ထားမှု မရှိခြင်းကြောင့် ကျေးရွာ၏ လူမှုစီးပွားသည် အသင့်အတင့်သာ ရှိပါသည်။ ။(၂၀၂၄-၂၀၂၅) ခုဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက် ပေးသည့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ (RBF) ဖြင့် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

### (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် ကားအငှားလိုက်ခြင်း၊ ဆိုင်ကယ်ကယ်ရီမောင်းခြင်းလုပ်ငန်းများကို လုပ်ကိုင်နေသည့် အိမ်ထောင်စု အနည်းငယ်ရှိ ပါသည်။ ကျေးရွာတွင် စက်ဘီး (၁၄၂) စီး၊ မော်တော်ဆိုင်ကယ် (၁၂၇) စီး၊ သုံးဘီးဆိုင်ကယ် (၁၉) စီး၊ ထော်လာဂျီ (၁၈) စီး၊ ကား (၁၄) စီး ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။ လှေငယ်(၃)စီးလည်းမိုးတွင်းကာလ၌ ကွင်းဆင်း/တက်ရာတွင် လယ်သမားများအသုံးပြုကြပါသည်။

သရက်တောကျေးရွာသည် ရန်ကုန်-မော်လမြိုင် ကားလမ်းမကြီးပေါ်တွင် တည်ရှိ သောကြောင့် လမ်းပန်းဆက်သွယ်ရေး အလွန်ကောင်းမွန်ပါသည်။သထုံမြို့နယ်နှင့် (၅)မိုင်သာ ကွာဝေးသောကြောင့် ကား၊ဆိုင်ကယ်များနှင့် သွားလာ၍အဆင်ပြေပါသည်။ ကျေးရွာထဲတွင် အမှတ်(၂)ကွက်သစ်လမ်းအား (၂၀၂၁-၂၀၂၂)ခု ဘဏ္ဍာနှစ်တွင် ကျေးလက်ဦးစီးဌာန၏ (VDP) စီမံကိန်းရန်ပုံငွေ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဖြင့် ပေအရှည်(၇၀၀)၊

အမြင့်(၆)လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းကိုလည်း ဆောင်ရွက်နိုင်ခဲ့၍ ကျေးရွာအတွင်း သွားလာရေးပိုမိုကောင်းမွန်ခဲ့ပါသည်။ကျန်နေသော ကွက်သစ်အမှတ်(၁)၊(၃)၊(၄) လမ်းများကိုလည်း ကွန်ကရစ်ထပ်ပိုးလွှာခင်းနိုင်ရန် မြို့နယ်ကျေးလက်ဦးစီးဌာနသို့ တင်ပြတောင်းခံ ခဲ့ပါသည်။ (၂၀၂၄-၂၀၂၅) ခုဘဏ္ဍာရေးနှစ်တွင် ကွက်သစ် (၃)လမ်းအား Smart Village စီမံကိန်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း (၄၀၀'x၁၂'x၆")၊ရေမြောင်း (၇၀၀'x၂'x၂') ၊ Slab Culvert (၅'-၆"x၁၈'x၃')၊ VDP စီမံကိန်းဖြင့် ကွန်ကရစ်လမ်း (၁၁၀'x၁၂'x၆")၊ရေမြောင်း (၇၀၀'x၂'x၂') တို့အား အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

### (ခ) ကျေးရွာ မီးလင်းရေး

သရက်တောကျေးရွာတွင် (၂၀၁၀)ခုနှစ်ခန့်တွင် ကျေးရွာကိုယ်ထူကိုယ်ထလုပ်ငန်းဖြင့် ထရန်စဖော်မာတစ်လုံးရရှိပြီး မဟာဓာတ်အားလိုင်းနှင့်ချိတ်ဆက်၍ ကျေးရွာတစ်ခုလုံးရှိ အိမ်ထောင် စုအားလုံးမှ လျှပ်စစ်မီးကိုသုံးစွဲခဲ့ပါသည်။ လျှပ်စစ်မီးရရှိ၍ ကျေးရွာဖွံ့ဖြိုးရေးတွင် အလွန်အသုံးဝင်ခဲ့ပါသည်။ယခုအချိန်အထိကျေးရွာလျှပ်စစ်မီးလိုအပ်မှုမရှိသေးဘဲတစ်ချို့ အိမ်များသည်ထရန်စဖော်မာနှင့် အနည်းငယ်ဝေးကွာနေ၍ မီးအားလုံလောက်မှုမရှိခြင်းများ ဖြစ်ပေါ်နေပါသည်။အိမ်ထောင်စုအားလုံး မီးအားလုံလောက်မှုရရှိစေရန် ထရန်စဖော်မာနေရာအထိုင် ပြောင်းရွှေ့ခြင်း နှင့် ကွက်သစ်ပိုင်းတွင် မီးတိုင်၊ မီးကြိုးကောင်းမွန်မှုရှိစေရန် ပြောင်းလဲတပ်ဆင်ခြင်းကို မြို့နယ်ကျေးလက်ဦးစီးဌာနနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးသို့ အစီရင်ခံတင်ပြခြင်း ကိုလဲ (၂၀၂၂) ခုနှစ် ထဲတွင်တင်ပြတောင်းခံခဲ့ပြီး ယခုအခါတွင်ရရှိခဲ့ပြီးဖြစ်ပါသည်။

### (ဂ) သတင်းနှင့် ဆက်သွယ်ရေး

သရက်တောကျေးရွာရှိ အိမ်ထောင်စုအားလုံးတွင် လက်ကိုင်ဖုန်းများရှိကြပြီး တီဗွီ၊ ရေဒီယိုနှင့် ဂြိုလ်တုစလောင်းများရှိနေခြင်းကြောင့်ဆက်သွယ်ရေးတွင် အခက်အခဲမရှိဘဲ သတင်းအချက်အလက်များသိရှိနိုင်သည့်အပြင် Smart Village စီမံကိန်းရန်ပုံငွေဖြင့် IT Center ထူထောင်ပေးမည်ဖြစ်ပါသဖြင့် ကျေးရွာမှ ခေါတ်နှင့်အပြိုင် သတင်းအချက်အလက်များအား သိရှိနိုင်၍သဘာဝဘေး အန္တရာယ်မှလည်းကြို့တင်ကာကွယ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ပါသည်။

## ၆။ ပညာရေး

သရက်တောကျေးရွာတွင် (အ.မ.က)မူလွန်ကျောင်းနှင့် (အ.မ.က)ကျောင်းတို့ရှိပြီး စာမတတ်သူဦးရေများမှာမရှိသလောက်နည်းပါးပါသည်။မူလတန်းအဆင့်အောင်မြင်သူ (၁၃၂၄) ဦး၊ အလယ်တန်းအဆင့်အောင်မြင်သူ (၅၆)ဦး၊ အထက်တန်းအဆင့်အောင်မြင်သူ (၅၁)ဦး၊ တက္ကသိုလ်/ကောလိပ်အောင်မြင်သူ (၄၈)ဦးတို့ရှိပါသည်။ လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများသည် မူလတန်းအဆင့်နှင့် မူလွန်အဆင့်ကို ကျေးရွာရှိ ကျောင်းများတွင် လည်းကောင်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်ကို ဒေးဗရိန်းအထက်တန်းကျောင်းတွင် လည်းကောင်း တက်ရောက်ကြပါသည်။ တက္ကသိုလ်ပညာကို မော်လမြိုင်တက္ကသိုလ်တွင် လည်းကောင်းပညာသင်ကြားနေကြပါသည်။ သရက်တောကျေးရွာရှိ စာသင်ကျောင်းအဆောက်အဦ များသည် ကောင်းမွန်လျှက်ရှိပြီး ဆရာ/မများလည်း လုံလောက်မှုရှိပါသည်။ စာသင်ကျောင်းရှိ သောက်သုံးရေများလည်း ကောင်းမွန်လုံလောက်၍အိမ်သာများလည်း သန့်ရှင်းမှုရှိပါသည်။ သထုံမြို့နယ်နှင့် ခရီးအကွာအဝေးနီးကပ်သောကြောင့် တာဝန်ကျရပ်ဝေးမှ ဆရာ/မများ၏ သွားလာရေးလည်း အခက်အခဲမရှိ အဆင်ပြေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

သရက်တောကျေးရွာတွင် ကျန်းမာရေးတာဝန်ကျသော ဒေးဗရိန်းတိုက်နယ် သားဖွား ဆရာမမှ ကျေးရွာသို့ကွင်းဆင်း၍ အပတ်စဉ်၊ လစဉ်ကာကွယ်ဆေးအမျိုးမျိုးကို ပုံမှန်ဆေးတိုက်၊ ဆေးထိုးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ အရေးပေါ် လူနာများကို သထုံမြို့ရှိ သထုံခရိုင် ပြည်သူ့ဆေးရုံ သို့ပို့ဆောင်ကုသရပါသည်။

သရက်တောကျေးရွာ၌ မိုးရာသီတွင် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါများအနည်းငယ်ဖြစ်ပွား တတ်ပါသည်။ ကျေးရွာတွင် လက်တူးတွင်းအများဆုံးရှိပြီး စက်ရေတွင်း အနည်းငယ်ရှိပါသည်။ စာသင်ကျောင်းများတွင်လည်း စက်ရေတွင်းနှင့်လက်တူးများ ရှိပြီး နွေရာသီကာလ၌ ကျေးလက်နေပြည်သူများ၏ ရေလုံလောက်မှုရရှိပြီး ကွက်သစ်ပိုင်းများတွင် သောက်သုံးရေလိုအပ်လျက်ရှိပါသည်။

ကျေးရွာအတွင်းတွင် ရေလောင်း/ ယင်လုံအိမ်သာ ကိုသာ အများဆုံးသုံးပြုကြပါသည်။ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင်လည်း ရေလောင်း/ ယင်လုံအိမ်သာကိုသာ အသုံးပြု ကြပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

သရက်တောကျေးရွာသည် မိုးရာသီ၌ ရေကြီးနစ်မြုပ်မှုများမရှိပါ။ မိုးရာသီကာလ၌ ရေမြောင်းများဆယ်ခြင်း၊ အမှိုက်ဆယ်ခြင်းများကို ကျေးရွာရှိ ကျေးရွာသူ/သားများမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါသောကြောင့် ရေကြီးနစ်မြုပ်မှုဘေးမှကာကွယ်နိုင်ပါသည်။ တစ်ခါတစ်ရံ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များကျိုးပဲ့တတ်ပြီး တောင်ခြေနှင့်နီးသော လူနေအိမ်များကို ကျေးရွာရှိအုပ်ချုပ်ရေးအဖွဲ့အစည်းများမှ အသိပေးခြင်းနှင့် စောင့်ကြည့်ကြီးကြပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

သရက်တောကျေးရွာတွင် နေထိုင်သူများသည် မိသားစုစိတ်ဓါတ်အပြည့်ရှိပြီး စည်းစည်း လုံးလုံးနေထိုင်ကြသောကြောင့် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အိမ်ထောင်စုများ မရှိပါ။ စီးပွားရေးအလွန်ခက်ခဲသော အိမ်ထောင်စုအနည်းငယ်သာရှိပါသည်။ ကျေးရွာသူ/သားများ သည် တစ်ဦးကိုတစ်ဦးကူညီရိုင်းပင်းတတ်ခြင်း တို့ကြောင့် ၄င်းမိသားစုများအတွက် ထိခိုက် မှုခံရနိုင် ချေနည်းပါးပါသည်။

အသက်မွေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးကို တစ်နိုင်တစ်ပိုင်အဓိက ထားလုပ်ကိုင် သောကြောင့် စားနပ်ရိက္ခာ မပိုလျှံသော်လည်းဖူလုံမှု ရှိပါသည်။ စိုက်ပျိုးရေရှားပါးခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း စသည့်သဘာဝဘေးအန္တရာယ် များမရှိသော်လည်း နွေရာသီတွင် အပူလွန်ကဲမှုကြောင့် သောက်သုံးရေးရှားပါးခြင်းကို တစ်ခါတစ်ရံ ကြုံတွေ့ရပါသည်။ ကျွဲ၊ နွား၊ဆိတ်တို့မှ တစ်ခါတစ်ရံလျှာနာ ခွာနာရောဂါဖြစ်တတ်ပါ သည်။ ရွာသူ/ သားများသည် စည်းစည်းလုံးလုံးနှင့် အေးချမ်းစွာနေထိုင်ကြသဖြင့် အမှုအခင်းနှင့် ပြည်တွင်းပဋိပက္ခများမရှိခဲ့ပါ။

## ၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံအုပ်ချုပ်ရေးတွင် အမျိုးသမီးများပါဝင်လုပ်ဆောင်ခြင်း မရှိသော်လည်း ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ဘာသာရေးဆိုင်ရာကိစ္စရပ်များတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် အမျိုးသမီးများအား အကြမ်းဖက်မှုမရှိ သလောက် နည်းပါးပါသည်။ အမျိုးသမီးရေးရာအကြမ်းဖက်မှုနှင့် တရားမျှတမှုဆိုင်ရာများအတွက် လူထု၏အသိအမြင်များရှိကြ၍ အမျိုးသမီးများအား အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း၊

ခွဲခြားဆက်ဆံခြင်းများမရှိဘဲ အမျိုးသမီးများနှင့်အမျိုးသားများသည် စည်းစည်းလုံးလုံးရှိပြီး ကျေးရွာအတွက် အမျိုးသမီးများသည် များစွာအထောက်အကူပြုလျက်ရှိပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် – သရက်တော | | | ကျေးရွာအမည် – သရက်တော | |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက်ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | မှတ်ချက် |
| ၁ | အခြေခံဆောက်အဦ | ကွန်ကရစ်လမ်းနှင့် အုတ်စီရေမြောင်း | ကွက်သစ်လမ်း(၃)အားကွန်ကရစ်လမ်း(၁၁၀'x၁၂'x၆")(၂၄-၂၅ဘဏ္ဍာနှစ် (VDP) ဖြင့် ဆောင်ရွက်မည်)/အုတ်စီရေမြောင်း (၇၀၀'x၂'x၂') သို့ ဆောင်ရွက်ခြင်း။<br>ကွက်သစ်လမ်း(၃)အားကွန်ကရစ်လမ်း(၄၀၀'x၁၂'x၆")(Smartvillage) ဖြင့်ဆောင်ရွက်ခြင်း။ | ဦးစားပေး၁ |
| ၂ | အခြေခံဆောက်အဦ | ရေမြောင်းတူးဖော်ခြင်း | (၇၀၀'x၂'x၂') အုတ်စီရေ မြောင်း ဆောင်ရွက်ပေးခြင်း၊ | ဦးစားပေး၂ |
| ၃ | အခြေခံဆောက်အဦ | Slab Culvert ဆောင်ရွက်ခြင်း | ကွက်သစ်လမ်း (၃)အား (၅'-၆"x၁၈'x၃') Slab Culvert ဆောင်ရွက်ခြင်း၊ | ဦးစားပေး၃ |
| ၄ | အခြေခံဆောက်အဦ | IT Center ထူထောင်ခြင်း | 43" Sansung Smart TV, Acer Desktop Computer CPU i3 12th (RAM-8),စားပွဲ(၁)၊ ထိုင်ခုံ(၁) | ဦးစားပေး၄ |
| ၅ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | အမှိုက်ပုံးဝယ်ယူခြင်း | အမှိုက်ပုံး (၂၀)လုံး ဝယ်ယူခြင်း | ဦးစားပေး၅ |
| ၆ | ရေပေးရေးနှင့်ကျန်းမာသန့်ရှင်းရေး | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသင်တန်း | ဦးစားပေး၆ |

| | | | | |
|---|---|---|---|---|
| ၇ | မွေးမြူရေး | နည်းပညာ | မွေးမြူရေးနည်းပညာသင်တန်းများစီစဉ် ဆောင်ရွက်ခြင်း။ | ဦးစားပေး၇ |
| ၈ | စိုက်ပျိုးရေး | နည်းပညာ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | ဦးစားပေး၈ |
| ၉ | မီးဘေးကာကွယ်ရေး | နည်းပညာ | မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | ဦးစားပေး၉ |
| ၁၀ | ပတ်ဝန်းကျင်ထိန်းသိမ်းရေး | နည်းပညာ | သဘာဝပတ်ဝန်းကျင်နှင့် ဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲ စီစဉ်ဆောင်ရွက်ခြင်း။။ | ဦးစားပေး၁၀ |
| ၁၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကွက်သစ်(၄)လမ်းမြေသားလမ်းအား(၆၅၀' x ၁၂' x ၆") အား ကွန်ကရစ် လမ်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်း။ | ဦးစားပေး၁၁ |
| ၁၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ကွက်သစ်(၁)လမ်း မြေသားလမ်းအား(၅၇၀' x ၁၅' x ၆") အား ကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း။ | ဦးစားပေး၁၂ |
| ၁၃ | ရေပေးရေးနှင့်ကျန်းမာသန့်ရှင်းရေး | ရေပေးရေး | လက်တူးတွင်းအနက်နှိုက်ခြင်း၊အမိုးမိုးခြင်း နှင့် ပိုက်လိုင်း (၂") ၁၅၀၀' သွယ်တန်းခြင်း။ | ဦးစားပေး၁၃ |
| ၁၄ | ရေပေးရေးနှင့်ကျန်းမာသန့်ရှင်းရေး | ရေသန့်စင်စနစ်တပ်ဆင်ခြင်း | ရေသန့်စင်စနစ်တပ်ဆင်ခြင်းလုပ်ငန်း။ | ဦးစားပေး၁၄ |

## သရက်တောကျေးရွာ၊ သရက်တောအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးအောင်ထူး | ဦးမောင်သောင်း | ၁၀/သထန (နိုင်) ၀၅၄၉၇၈ | ၅၆ | ဥက္ကဋ္ဌ | ၀၉၆၇၀၇၄၉၀၁၁ |
| ၂ | ဒေါ်ခင်စိုးပိုင် | ဦးစိန်မြင့် | ၁၀/သထန (နိုင်) ၂၁၆၇၃၈ | ၃၁ | အတွင်းရေးမှူး | ၀၉၆၈၂၁၀၁၀၄၇ |
| ၃ | ဒေါ်ချိုမာ | ဦးပန်းကြည် | ၁၀/သထန (နိုင်) ၁၃၄၀၂၃ | ၅၈ | ဘဏ္ဍာရေးမှူး | ၀၉၆၇၅၅၉၂၇၀၀ |
| ၄ | ဒေါ်မိဇာ | ဦးပန်းကြည် | ၁၀/သထန (နိုင်) ၁၁၂၀၆၅ | ၄၇ | စာရင်းကိုင် | ၀၉၆၆၆၃၆၆၃၂၅ |
| ၅ | ဦးနိုင်ဌေး | ဦးတင်အေး | ၁၀/သထန (နိုင်) ၀၃၈၄၄၆ | ၅၆ | သော့ကိုင်(၁) | ၀၉၇၇၉၅၅၁၇၉၄ |
| ၆ | ဦးသန်းဝင်း | ဦးကြာ | ၁၀/သထန (နိုင်) ၀၃၇၈၀၇ | ၆၅ | သော့ကိုင်(၂) | |
| ၇ | ဦးစိုးဦး | ဦးသိန်း | | ၅၈ | အဖွဲ့ဝင် | |
| | | | | | | |
| | ဝယ်ယူရေးကော်မတီ | | | | | |
| ၁ | ဦးနိုင်ဌေး | ဦးတင်အေး | ၁၀/သထန (နိုင်) ၀၃၈၄၄၆ | ၅၆ | ဥက္ကဋ္ဌ | ၀၉၇၇၉၅၅၁၇၉၄ |
| ၂ | ဦးသန်းဝင်း | ဦးကြာ | ၁၀/သထန (နိုင်) ၀၃၇၈၀၇ | ၆၅ | ဘဏ္ဍာရေးမှူး | |
| ၃ | ဦးစိုးဦး | ဦးသိန်း | | | စာရင်းကိုင် | |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၂ | ၂ | ၄ | - | - |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၁၄ | ၁၃ | ၂၇ | - | - |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၇၁ | ၄၈ | ၁၁၉ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၇ | ၅၂ | ၁၀၉ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၈၀ | ၆၇၇ | ၁၂၅၇ | ၁ | ၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၅၅ | ၆၃ | ၁၁၈ | - | - |
| **စုစုပေါင်း** | | **၇၇၉** | **၈၅၅** | **၁၆၃၄** | **၁** | **၁** |
| **စုစုပေါင်း အိမ်ထောင်စု** | | ၂၇၁ | | | | |

**ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။**

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာတွင် အိမ်ထောင်စု (၂၇၁) စု၊အိမ်ခြေ(၂၆၉)အိမ်၊ လူဦးရေ(၁၆၃၄) ဦး ရှိပါသည်။ သရက်တောကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၈၉%)၊ မူလတန်းကျောင်းသားအရွယ် (၇.၂၈%)၊ အလယ်တန်းကျောင်းသားအရွယ် (၆.၆၇%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၆.၉၂%)၊ သက်ကြီးရွယ်ကြီးအရွယ် (၇.၂၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိလူဦးရေ၏ (၂၃.၀၆)% ရှိပြီး အလုပ်လုပ်နိုင်သည့် အရွယ် ကျား (၅၈၀) ဦး၊ မ (၆၇၇) ဦး စုစုပေါင်း (၁၂၅၇) ဦးရှိပြီး တစ်ရွာလုံး လူဦးရေ၏ (၇၆.၉၂%) ရှိပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ကြောင်း လေ့လာတွေ့ရှိရ ပါသည်။

**(ခ) အလုပ်လုပ်နိုင်သူ အင်အား**

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ | ရပ်တည်နိုင်မှု (မှတ်ချက်ကို |
|---|---|---|---|---|---|---|---|
| | | အိမ် | မိသားစု | အမျိုးသမီး | ဦးရေ | | |

| | | ထောင်စု | ဝင်လုပ်အား | ဦးဆောင်သည့်အိမ်ထောင်စု | ကျား | မ | လုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးစီးပွားလုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၃၇ | ၂၀၈ | ၁ | ၉၆ | ၁၁၂ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၃ | ၁၁၂ | - | ၅၁ | ၆၁ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါး/ပုစွန်စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် | | | | | | | မြင့်☐ လတ်☐ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | လုပ်ငန်း | | | | | | | နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| ၈ | ဆောက်လုပ်ရေး၊လက်သမား၊ ပန်းရံလုပ်ငန်း | | | | | | | |
| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင် သည့်အိမ် ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | ၁၄ | ၃၆ | - | ၁၆ | ၂၀ | - | မြင့်□ လတ်✓<br>နိမ့် □ |
| ၉ | ယာဉ်၊စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ( ဆံပင်၊အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | - | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | ၁ | ၃ | - | ၂ | ၁ | | မြင့်□ လတ်✓<br>နိမ့် □ |
| ၁၁ | လက်လီ၊လက်ကားရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား<br>/ဝန်ထမ်း | ၁၃ | ၁၅ | - | ၂ | ၁၃ | | မြင့်□ လတ်✓<br>နိမ့် □ |
| ၁၂ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်<br>လုပ်ငန်း | | | | | | | မြင့်□ လတ်□<br>နိမ့် □ |
| | အလုပ်သမား | | | | | | | မြင့်□ လတ်□ |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | /ဝန်ထမ်း | | | | | | | နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၀ | ၁၀ | - | ၁၀ | - | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၁၄ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း( ဘဏ်နှင့် ငွေချေးခြင်းအပါအဝင်ငွေကြေးဝန်ဆောင်မှုလုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ငှားရမ်းခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများ | | | | | | | |
| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကို သာရွေးရန်။) |
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁ | ၁ | - | ၃ | ၁ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၂ | ၂ | - | ၇ | ၅ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၀ | ၁၀ | - | ၉ | ၁၀ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁ | ၂ | - | ၃ | ၃ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၁ | လူမှုရေးလုပ်ငန်းများ | | | | | | | |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၉ | ကိုယ်ပိုင်လုပ်ငန်း | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁၀ | ၁၀ | - | ၁၀ | ၁၄ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့်☐ |
| | အလုပ်သမား/ကျပန်း/ရာသီအလိုက်အလုပ်သမား | ၁၅၂ | - | - | - | - | | မြင့်☐ လတ်☐ နိမ့် ☐ |
| ၂၁ | ပြင်ပအဖွဲ့စည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၇ | ၇ | - | ၁၂ | ၁၇ | - | မြင့်☐ လတ်✓ နိမ့် ☐ |
| | စုစုပေါင်း | ၂၇၁ | ၄၁၆ | ၁ | ၂၂၁ | ၂၅၇ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။"**အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ "**ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -"**စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာသည် စိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင်သူ ဦးရေများပြားပါသည်။ မွေးမြူရေး၊ဆောက်လုပ်ရေးပို့ဆောင်ရေးနှင့် ကျပန်းလုပ်ကိုင်သူများလည်းရှိသည့် အပြင် ပညာရေးဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်း အိမ်ထောင်စုများလည်းရှိပါသည်။ တစ်နိုင်တစ်ပိုင် ဈေးဆိုင်များနှင် ကျပန်းလုပ်ကိုင်နေသောပြည်သူများလည်းရှိပါသည်။ ထို့အပြင် ကျေးရွာတွင်အလုပ်အကိုင် အခွင့်အလမ်းနည်းသောကြောင့်ပြင်ပ တွင်သွားရောက်လုပ်ကိုင်သည့် အိမ်ထောင်စုများလည်းရှိပါသည်။ ကျေးရွာရှိပြည်သူများ၏ ဝင်ငွေရလုပ်ငန်းများနည်းပါးနေ၍ မိသားစုဘဝရပ်တည်နိုင်မှု အဆင့်အတန်းမှာ နိမ့်ကျနေပါသည်ကိုလေ့လာတွေ့ရှိရပါသည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၂၀၀၀ | ၁၀၀၀၀ | ၁၀၀၀၀ | ၉၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | ၁၀၀၀၀ | - | ၁၀၀၀၀ | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**လစာ** ÷ ၂၂.၇၅)

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာ၏ အလုပ်ဝင်ငွေရရှိမှုမှာ ယောကျ်ားလေး၏ဝင်ငွေသည် မိန်းကလေး၏ဝင်ငွေထက် အနည်းငယ်ပိုရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် ယောကျ်ားလေးများ၏ လုပ်ကိုင်မှုစွမ်းရည်သည် မိန်းကလေးများထက်သာလွန်ပြီး အလုပ်လိုအပ်ချက်မှာ ယောကျ်ားလေးများ ကိုသာ အဓိကအားထားရသောကြောင့် လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မဝင်ငွေ ကွာခြားရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| **လယ်မြေ** | **၃၆၀၀** | ကောင်း ☐ သင့်✓ ညံ့ ☐ |

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ယာမြေ / တောင်ယာမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | - | ကောင်း☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၃၆၀၀ | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာအတွင်းရှိ လယ်မြေဧက(၃၆၀၀)ဧကခန့်တည်ရှိပြီး ကျေးရွာရှိ လယ်လုပ်သူများနည်းပါးပြီး ရွာသားများမှာ လယ်ဧကပိုင်ဆိုင်မှုနည်းနေကြောင်းနှင့် လယ်မြေများ၏ မြေဆီအရည်အသွေးနိမ့်ကျနေသည်ကို တွေ့ရှိရပြီး မြေလွတ်မြေလပ်၊ စားကျက်၊ ကိုင်း၊ကျွန်း၊ယာမြေများ မရှိကြောင်း ကို လေ့လာတွေ့ရှိရပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

**ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

| **အမျိုးအစား** | **ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **အသုံးချနိုင်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်)** |
|---|---|---|---|
| **သတ္တုနှင့်အခြားတွင်းထွက် သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ** | များ ☐ သင့်✓ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐ | လျော့ ✓ တိုး☐ အပြောင်းအလဲမရှိပါ ☐ |
| **သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင် များ)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|
| **သဘာဝ တိရစ္ဆာန်မျိုးစိတ်များ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | ☒ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ရေ-မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း)** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **ရေ-မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း)** | များ ✓ သင့်☐ နည်း ☐ မရှိ ☐ | လွယ် ✓ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး✓ အပြောင်းအလဲမရှိပါ ☐ |
| **သစ်တော-အပူပိုင်းသစ်တော** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |
| **သစ်တော-ဒီရေတောများ** | များ ☐ သင့်☐ နည်း ☐ မရှိ ✓ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ✓ | လျော့ ☐ တိုး☐ အပြောင်းအလဲမရှိပါ ✓ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာတွင် လမ်းခင်းကျောက်ထုတ်လုပ်ရောင်းချနေသော မိုင်း(၂)မိုင်းရှိပြီး ထိုမိုင်းပိုင်ရှင်များသည် သထုံမြို့နယ်ပေါ်မှသူဌေးများဖြစ်ပြီး ရွာသားများမှ မိုင်းခွဲကျောက်များကို အခကြေးငွေဖြင့် အလွယ်တကူဝယ်ယူနိုင်ပြီး ၊ကျောက်စရစ်နှင့် သဲများကို ကရင်ပြည်နယ် မြိုင်ကလေးမှ သွားရောက်ဝယ်ယူ၍ အသုံးပြုလျက်ရှိပါသည်။ ရွာ၏အရှေ့ဘက်တွင် တောင်တန်းငယ်တစ်ခုရှိပြီး သဘာဝဆေးဖက်ဝင်အပင်များနှင့် သဘာဝ တိရိစ္ဆာန်မျိုးစိတ်များ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

**ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ**

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | (၁၀မှ ၂၀) ဧကအထက် | (၅မှ ၁၀) ဧကအထက် | မရှိ | မရှိ |
| အိမ်အခြေအနေ | အုတ်ကာ၊နှစ်ထပ် ပျဉ်ထောင် | သွပ်မိုး၊ ပျဉ်ထောင်/ခင်း | ဖက်မိုး/ဖက်ကာ၊ ဇလီကာ | ဖက်မိုးဖက်ကာ၊ ဝါးအခင်း |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော<br>အိမ်ထောင်စု | အလယ်အလတ်ရှိ<br>သောအိမ်ထောင်စု | မပြေလည်သော<br>အိမ်ထောင်စု | အလွန်မပြေလည်<br>သောအိမ်ထောင်စု |
| | ပျဉ်ခင်း၊ သွပ်မိုး | | | |
| ကုန်ထုတ်လုပ်မှုနှင့်<br>ဆိုင်သော ပိုင်ဆိုင်မှု | ကား၊ဆိုင်ကယ်<br>လက်တွန်းစက်<br>ထော်လာဂျီ | ထော်လာဂျီ၊စက်<br>ဘီး၊ဆိုင်ကယ် | ဆိုင်ကယ်၊စက်<br>ဘီး | စက်ဘီး |
| အဓိကစီးပွားရေး<br>လုပ်ငန်း | လယ် | လယ်၊ဈေးရောင်း | ကြုံရာကျပန်း၊<br>ထိုင်း | ကြုံရာကျပန်း၊<br>ထိုင်း |
| အိမ်ထောင်စု | ၁၄ | ၅၀ | ၁၀၈ | ၉၉ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။သရက်တောကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများသည် ဝင်ငွေစီးပွား အသင့်အတင့်ရှိပြီး သွပ်မိုး၊ ပျဉ်ထောင်၊ အုတ်ခံ(၂)ထပ်အိမ်များဖြင့် နေထိုင်ကြပြီး ဆိုင်ကယ်၊ကား ပိုင်ဆိုင်ကြပြီး လယ်ယာလုပ်ငန်း လုပ်ကိုင်ကြသည့်အိမ်ထောင်စုများလည်း ရှိပါသည်။ မပြေလည်သော အိမ်ထောင်စုများမှာ ဝင်ငွေစီးပွားနည်းပါးပြီး ဖက်မိုး၊ ဓလီကာ၊ ဝါးအိမ်များဖြင့်နေထိုင်ကြပြီး ကျပန်းလုပ်ကိုင်ခြင်းဖြင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများ လုပ်ကိုင်နေကြသည်ကို လေ့လာတွေ့ရှိရ ပါသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

**ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် “၃” နှင့် “၄” အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စု<br>အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက်<br>အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက်<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆ လ မှ ၁၂ လအထိ<br>ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။…………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

…………………………………………………………………………………………………

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၁ | ၂ | ၃ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | ၃ | - | ၃ |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၅ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၄ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | ၁၃၁ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာတွင် ကူညီစောင့်ရှောက်မှု အထူးလိုအပ်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ ရှိသော်လည်း အများစုသည် ဆွေမျိုးတော်စပ်ကြသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် တစ်ဦးနှင့်တစ်ဦး ဝိုင်းဝန်းကူညီကြသောကြောင့် ထိခိုက်လွယ်မှု အခြေအနေမရှိကြောင်း လေ့လာတွေ့ ရှိရပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

### ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✓ | | | | | ✓ |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✓ | | | | | ✓ |
| ၃ | မုန်တိုင်းဒီရေ | ✓ | | | | | ✓ |
| ၄ | ဆူနာမီ | ✓ | | | | | ✓ |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✓ | | | | | ✓ |
| ၆ | လေဆင်နှာမောင်း | ✓ | | | | | ✓ |
| ၇ | ငလျင် | ✓ | | | | | ✓ |
| ၈ | အပူလှိုင်း | ✓ | | | | | ✓ |
| ၉ | စိုက်ပျိုးမြေများတွင်ရေငန်ဝင်ရောက်မှု | ✓ | | | | | ✓ |
| ၁၀ | အအေးလှိုင်း | ✓ | | | | | ✓ |
| ၁၁ | မိုးသီးကြွေကျမှု | ✓ | | | | | ✓ |
| ၁၂ | မိုးခေါင်ခြင်း | ✓ | | | | | ✓ |
| ၁၃ | တောမီးလောင်ခြင်း | ✓ | | | | | ✓ |
| ၁၄ | မြစ်ကမ်းပါးပြိုခြင်း | ✓ | | | | | ✓ |
| ၁၅ | ကန်းရိုးတန်းတိုက်စားမှု | ✓ | | | | | ✓ |
| ၁၆ | မြေပြိုခြင်း | ✓ | | | | | ✓ |
| | လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✓ | | | ✓ | |
| ၁၈ | သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ ရေ) | ✓ | | | | | ✓ |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်စီးခြင်း | ✓ | | | | | ✓ |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✓ | | | | | ✓ |
| ၂၁ | ငှက်ဖျားရောဂါ | ✓ | | | | | ✓ |
| ၂၂ | တီဘီရောဂါ | ✓ | | | | | ✓ |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✓ | | | | | ✓ |
| ၂၄ | ကပ်ရောဂါ | ✓ | | | | | ✓ |
| ၂၅ | ပြည်တွင်း ပဋိပက္ခ | ✓ | | | | | ✓ |
| ၂၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | ✓ | | | | | ✓ |
| ၂၇ | လူကုန်ကူးခြင်း | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာသည် စိုက်ပျိုးရေးကိုသာ အဓိကထား လုပ်ကိုင်နေကြရသောကြောင့် ရာသီဥတု ဖောက်ပြန်ခြင်းများဖြစ်ပေါ်လာပါက မိုးစပါးများပြန်လည်စိုက်ပျိုးရခြင်း၊ သီးနှံများ အောင်မြင်မှုမရှိခြင်းနှင့် စိုက်ပျိုး ရေမရရှိခြင်းတို့ဖြစ်ပေါ်လာနိုင်ပြီး အချိန်နှင့် အရင်းအနှီးငွေကြေးများ ဆုံးရှုံးခြင်းတို့ဖြစ်ပေါ်လာနိုင်ပါသည်။ ထို့ကြောင့်ကျေးရွာ၏ထိခိုက် သက်ရောက်မှုမှာ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

**ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | လူငယ် | ✓ | | | | | ✓ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | ✓ | | | | | ✓ |
| ၃ | ဆင်းရဲသားတောင်သူ | ✓ | | | | | ✓ |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ကူးစက်ရောဂါ ထူပြောသော ဒေသတွင် နေထိုင်သူ | ✓ | | | | | ✓ |
| ၅ | ပင်လယ်/ မြစ်ကမ်းဘေး နေထိုင်သူများ | ✓ | | | | | ✓ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာတွင်နေထိုင်သူများ | ✓ | | | | | ✓ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | ✓ | | | | | ✓ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | ✓ | | | | | ✓ |
| ၉ | ငါးကန်ပိုင်ရှင်များ | ✓ | | | | | ✓ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | ✓ | | | ✓ | |
| ၁၁ | လူနည်းစုလူမျိုးများ | ✓ | | | | | ✓ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | ✓ | | | | | ✓ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | ✓ | | | | | ✓ |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၅ | လှည့်လည်သွားလာ၍ဈေးရောင်းသူများ | ✓ | | | | | ✓ |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✓ | | | | | ✓ |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✓ | | | | | ✓ |
| ၁၈ | ကားမောင်းပြီး အသက်မွေးသူများ | ✓ | | | | | ✓ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ သရက်တောကျေးရွာ၏တည်ရှိပုံသည် အရှေ့ဘက်တွင် တောင်တန်းနှင့် အနောက်ဘက်တွင် လယ်ကွင်းပြင်ရှိသောကြောင့် မြေပြိုခြင်း၊ လေပြင်းတိုက်ခတ်ခြင်း တို့နှင့် မမျှော်လင့်နိုင်သော သဘာဝဘေးတို့ ကြုံတွေ့နိုင်ပါသည်။ ထိုဖြစ်ရပ်မျိုး ပေါ်ပေါက်လာပါက အရေးပေါ်ကယ်ဆယ်မှု၊ သတင်းပို့ဆောင်မှု၊ ပြန်လည်နေရာချထားမှုလုပ်ငန်းများ ကြိုတင်ဖွဲ့စည်း ထားရှိပါသည်။ အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုနှင့် ကျပန်းလုပ်ကိုင်နေသူများ၏ စားဝတ်နေရေးကို ထိခိုက်စေနိုင်ပါသဖြင့် ထိုမိသားစုများ၏ ဆွေမျိုးများနှင့် ကျေးရွာ၏ ထောက်ကူမှုရနိုင်သဖြင့် ၎င်းမိသားစုများသည် ထိခိုက်လွယ်မှုနိမ့်ကျလာနိုင်သည်ကို လေ့လာတွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

**ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ**

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး | ၁☐ ၂✓ ၃☐ | ၃၁ | – | ၃၁ | ပညာရေး ✓ ငွေကြေး ✓<br>ကျန်းမာရေး ✓ ဘာသာရေး ✓<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓<br>လုံခြုံရေးနှင့် ကာကွယ်ရေး ✓ | ကောင်း ✓<br>သင့် ☐<br>ညံ့ ☐ |
